## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လှူဒါန်းသည့်စာအုပ်များအားလက်ခံ

နေပြည်တော် ဇွန် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး က ပေးအပ်လှူဒါန်းသည့် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆု(နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး (ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော **"တစ်ကြောင်းတည်းသောမြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း"** စာအုပ် (၄၅၀) အုပ်အား လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။